


# Pray for Rohingya

EXPECTANTLY SOWING

## ရိုဟင်ဂျာလူမျိုးအတွက် ကမ္ဘာလုံးဆိုင်ရာဆုတောင်းရာနေ့

၆ရက် အောက်တိုဘာလ ၂၀၂၄ ခုနှစ်

### မြစ်ရေကဲ့သို့စီးဆင်းသော ငြိမ်သက်ခြင်း

ရိုဟင်ဂျာလူမျိုးဆိုတာအလွှာစုံနှိပ်စက်ညှဉ်းပန်းမှုများနဲ့အကြမ်းဖက်မှုများကိုဆယ်စုနှစ်များစွာတွေ့ကြုံခံစားနေရတဲ့မြန်မာနိုင်ငံမှမူစလင်တိုင်းရင်းသားလူနည်းစုတစ်ခုဖြစ်ပါတယ်။ ရိုဟင်ဂျာများစွာကသူတို့ရဲ့ဇာတိဒေသကိုစွန့်ပြီးဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ထွက်ပြေးခဲ့ရပါတယ်၊အဲ့ဒီနေရာကလူတွေပြွတ်သိပ်ပြည့်ကျပ်နေတဲ့ဒုက္ခသည်စခန်းတွေမှာလက်ရှိနေထိုင်နေရပြီးမျှော်လင့်ချက်မရှိခြင်း၊တည်ငြိမ်မှုမရှိခြင်းနဲ့ အခြေခံလိုအပ်ချက်များပြတ်လပ်ခြင်းတို့နဲ့ ရင်ဆိုင်နေရပါတယ်။ အခြားနိုင်ငံများ(မလေးရှား၊အိန္ဒိယ၊ပါကစ္စတန်နဲ့အခြား)သို့ထွက်ပြေးသွားသူများဟာမသေချာမရေရာတဲ့ တရားဝင်နေထိုင်ခွင့်ပြဿနာ၊ ခက်ခဲကြမ်းတမ်းတဲ့ဘဝ အခြေအနေများနဲ့ အနှိမ်ခံရမှုများကိုကြုံတွေ့နေရပါတယ်။မြန်မာနိုင်ငံထဲကျန်ရစ်ခဲ့တဲ့သူတွေတောင်ပြင်းထန်တဲ့ပြည်တွင်းစစ်ပွဲကြားမှာဒုက္ခရောက်နေပါတယ်။နိုင်ငံသားအခွင့်အရေးအမြန်စီစဉ်ပေးတဲ့နိုင်ငံများသို့ပြန်လည်အခြေချနိုင်တဲ့အနည်းငယ်သောသူတွေမှာလည်းရွှေ့ပြောင်းနေထိုင်သူတွေရင်ဆိုင်ရတဲ့ လက်တွေ့အခက်အခဲများစွာရှိနေပါတယ်။

ရိုဟင်ဂျာတွေကမျိုးဆက်များစွာငြိမ်သက်ခြင်းကိုမသိမခံစားဖူးတဲ့လူမျိုးဖြစ်ပါတယ်။ သူတို့ကဘာသာတရားသို့မဟုတ်ပြန်လည်အခြေချခြင်းထဲကနေငြိမ်သက်ခြင်းခံစားဖို့မျှော်လင့်ရှင်းရှာဖွေနေပါတယ်။ကျွန်တော်တို့နှင့်အတူကူညီဆုတောင်းကြရအောင်။စစ်မှန်သောငြိမ်သက်ခြင်းကို ဘုရားသခင် ထံမှရရှိရန်အတွက်။

"... ဝေးသောသူ၌လည်းကောင်း၊ နီးသောသူ၌လည်းကောင်း ငြိမ်သက်ခြင်းဖြစ်စေ၊ ငြိမ်သက်ခြင်းဖြစ်စေ၊ သူ၏အနာကိုငါပျောက်စေမည်"ဟု ထာဝရဘုရား မိန့်တော်မူ၏။ ဟေရှာ ၅၇:၁၉ (MSBU)

## ဆုတောင်းခံချက်များ

- ရိုဟင်ဂျာတွေက သူတို့ရဲ့ "ဇာတိမြေ" ကနေ နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ ဘုရားသခင်က သူတို့အနားမှာရှိတယ်ဆိုတာကို သူတို့သိနားလည်ဖို့ ဆုတောင်းပါ။
- ကမ္ဘာတစ်ဝှမ်းမှာရောက်ရှိကုန်တဲ့ ရိုဟင်ဂျာတွေအတွက် ခန္ဓာ၊စိတ်၊ ဝိညာဉ် ပကတိကျန်းမာခြင်းရရှိဖို့ ဆုတောင်းကူညီပါ။
- ဘုရားသခင်ရဲ့ မေတ္တာတော်ကိုအခြေခံတဲ့ ဧဝံဂေလိသတင်းကောင်းက ရိုဟင်ဂျာတွေအလယ်မှာ ရှင်သန်လန်းဆန်းစေတဲ့ မြစ်ရေတစ်ခုအလား စီးဆင်းဆေးကြောပေးဖို့ ဆုတောင်းကူညီပါ။
- ရိုဟင်ဂျာတွေအနေနဲ့ ခက်ခဲရှုပ်ထွေးမှုအလယ်မှာပင် ခရစ်တော်၌ ငြိမ်သက်ခြင်းရှာတွေ့ကြဖို့ ဆုတောင်းကူညီပါ။





## အို အရှင်ဘုရား ...

အဘယ်သူမျှကြံ၍ မမှီနိုင်သော၊ ခပ်သိမ်းသောအရာကိုသည်းခံနိုင်သော ကိုယ်တော့်ရဲ့ မေတ္တာကရုဏာတော်အတွက် ကျေးဇူးတော် ချီးမွမ်းပါတယ်။ ကိုယ်တော့်ရဲ့ သနားကြင်နာမှုကို သိက္ခမ်းသောစိတ်အားဖြင့် ကမ္ဘာတစ်ဝှမ်းမှာရှိကြတဲ့ ရိုဟင်ဂျာတွေရဲ့ နှလုံးသားကို ကျန်းမာလန်းဆန်းစေတော် မူပါ။ သူတို့ရဲ့ နှလုံးသားထဲမှာ ထာဝရငြိမ်သက်ခြင်း ယခုမှစ၍ ကာလအစဉ် တည်ရှိတည်နေပါစေသော်။ အာမင်။

ကျွန်တော်တို့နဲ့အတူ ဆုတောင်းကူညီခြင်းအစီအစဉ်မှာ ပါဝင်ပေးလို့ အထူးပင်ကျေးဇူးတင်ရှိပါတယ်။
www.pray4rohingya.com

ပိုမိုသိရှိလိုပါက www.pray4rohingya.org သို့ ဝင်ရောက်လေ့လာပါ။